# ‘ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး’ ဂါထာ

နွေအခါ သီချင်းသံငြိမ့်ညောင်းသာယာ၍ ကျောင်းသားများ၏ ဘွဲ့နှင်းရာသီလည်းဖြစ်လေသည်။ ဇူလိုင်လ ၃ ရက်နေ့တွင်မြန်မာနိုင်ငံ၏ပထမအသုတ်တရုတ်ဘာသာနှင့် တရုတ်ဘာသာသင်ကြားရေးမဟာဘွဲ့ရ ကျောင်းသားကျောင်းသူတို့သည် အခြားဘွဲ့ရ ကျောင်းသားကျောင်းသူများနှင့်တကွ တရုတ်အိုဗာစီတက္ကသိုလ်မှပညာရှင်များ၏ မျက်မှောက်တွင် ကျောင်းအုပ်ဆရာကြီး ချီးမြှင့်ပေးသောဘွဲ့လက်မှတ်များကို အစဉ်လိုက်လက်ခံကြပြီး အိုဗာစီတက္ကသိုလ်တံခါးအတိုင်း ဒီဇိုင်းဆွဲထားသော “ဘွဲ့နှင်းတံခါး”ကို ဖြတ်သန်းကြသည်။ ဤနေရာမှ မြန်မာနိုင်ငံရှိနေရာ အသီးသီးသို့ လျှောက်လှမ်းသွားပြီးဘဝခရီးစဉ်သစ်ကိုစတင်တော့သည်။

၂၀၁၃ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သောတရုတ်အိုဗာစီတက္ကသိုလ် ကူမင်းနိုင်ငံရပ်ခြားမဟာဘွဲ့အတန်းသည် ၂၀၁၃ ခုနှစ်ဧပြီလ ၁၄ ရက်နေ့က တရုတ်အိုဗာစီတက္ကသိုလ် ကူမင်းကျောင်းခွဲဖြစ်သည့် ကူမင်းတရုတ်ဘာသာ စာသင်ကျောင်းတွင် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ယင်းအတန်းမှ ကျောင်းသား ကျောင်းသူများသည် အဓိကအားဖြင့် မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံမှ ရောက်ရှိလာခြင်းဖြစ်သည်။ ၄င်းတို့သည် နယ်ခံဒေသတွင် တရုတ်ဘာသာ သင်ကြားပို့ချကြသော ဆရာ၊ဆရာမများဖြစ်သည်။ ကူမင်းတရုတ်ဘာသာစာသင်ကျောင်းမှ ယင်းအတန်း၏ သုံးနှစ်ကြာ လေ့ကျင့်မွေးထုတ်ရေးတာဝန်ကိုထမ်းဆောင်ခဲ့ပြီး ဝမ်မေ(တရုတ်)ကုမ္ပဏီလီမိတက်မှ သုံးနှစ်တာကျောင်းစရိတ်အချို့ကို ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယင်းအတန်းသည် အလုပ်တာဝန်ခေတ္တရပ်ဆိုင်း၍ ပညာသင်ကြားခြင်းဖြစ်သည်။

သင်ကြားပို့ချရာနေရာကို တရုတ်အိုဗာစီတက္ကသိုလ်ကူမင်းကျောင်းခွဲ၌ ဖွင့်လှစ်ထားသည်။ (၃)နှစ်တာကာလအတွင်း သင်တန်းသားများသည် ပညာသင်ကြားရန်အချိန်ကိုမြတ်နိုး၍ ဂရုတစိုက်လေ့လာသင်ယူကြသည်၊ လုံ့လစိုက်၍ တွေးတောဆင်ခြင်ကြသည်။ စနစ်ကျသော တရုတ်ဘာသာသင်ကြားရန် ဗဟုသုတများကို စုဆောင်း၍ မိမိ၏ကျွမ်းကျင်မှုဆိုင်ရာ စွမ်းဆောင်ရည်နှင့် ပညာသင်ကြားရေးအရည်အချင်းတို့ကိုများစွာ မြှင့်တက်နိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မေလ ၂၈ ရက်နေ့တွင်မြန်မာနိုင်ငံမဟာဘွဲ့အတန်းမှ ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံ မန္တလေးမြို့ ဖူချင့်စာသင်ကျောင်းတွင် ကျင်းပသော မဟာဘွဲ့စာတမ်းဖတ်ရန် စာမေးပွဲတွင် အောင်မြင်မှုရရှိခဲ့ပြီး(၃)နှစ်ကြာပညာသင်ကြားရေးအတွက် အောင်မြင်စွာအဆုံးသတ်နိုင်ခဲ့သည်။



တရုတ်အိုဗာစီတက္ကသိုလ်မှ သက်ဆိုင်ရာတာဝန်ရှိသူက ၂၀၁၃ ပညာသင်နှစ်တွင် ကူမင်းမဟာဘွဲ့အတန်းသည် မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့၏ စီးပွားရေး၊ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီထွေပြီး နယ်ခံဒေသတွင် အဆင့်မြင့်တရုတ်ဘာသာ ဆရာအင်အားလိုအပ်ချက်ကို ရောင့်ရဲပေးရန်အတွက် ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ ယင်းမဟာဘွဲ့အတန်းအောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းသည် တရုတ်အနောက်တောင်ပိုင်းရှိ အိမ်နီးချင်းနိုင်ငံတို့မှ တရုတ်ဘာသာဆရာ၊ ဆရာမ၏ဘွဲ့ရာထူးအဆင့်အတန်းကို မြှင့်တင်ပေးရန်၊ ယဉ်ကျေးမှုအရ အပြန်အလှန်ဖလှယ်မှုကို တိုးမြှင့်ရန်အတွက် အရေးပါသည့် အခန်းထဲပါဝင်လျက်ရှိကြောင်းဖော်ပြထားသည်။ မြန်မာနိုင်ငံ ပထမအသုတ်တရုတ်ဘာသာနှင့် တရုတ်ဘာသာသင်ကြားရေးမဟာဘွဲ့ ဘွဲ့ရကျောင်းသား ကိုယ်စားလှယ်က မိမိသင်ယူထားသော ပညာများဖြင့်တရုတ် ဘာသာသင်ကြားမှုနှင့် ပြန့်ပွားမှုအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာယဉ်ကျေးမှု ဖလှယ်ရေး၊ ချစ်ကြည်ရေး၏ သံတမန်အဖြစ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

(အထွေထွေ)

# ‘တရုတ်နိုင်ငံရှိ နိုင်ငံခြားသားများ’ထျန်ဖူ – ‘ယူနန်သား’အဖြစ် ပျော်ရွှင်စွာခံယူ

Corrado Politi၏ တရုတ်နာမည်ကို ထျန်ဖူဟုခေါ်သည်။ အမည်ပြောင်ကို “ထျန်ပန်ဒါ”ဟု ခေါ်သည်။ ဤအသက်(၇၅)နှစ်ရှိသော အီတလီအဘိုးအိုသည် အလုပ်တာဝန် ထမ်းဆောင်စဉ်ကခရီးသွားလောကမှ ဝါရင့်ပညာရှင်တစ်ဦးဖြစ်သည်။ အီးယူတွင်နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သဖြင့် ပေါများလှသည့် အတွေ့အကြုံရှိသည်။ အနားယူစဉ်ချစ်စရာကောင်းသော “ဆော့လှသည့်ကလေးကြီး” တစ်ဦးဖြစ်သည်။ ၄င်းသည်စားရကောင်းလှသော ဟင်းလျာတစ်ပွဲအတွက် ရွှင်ပျကြည်သာတတ်သည်၊ တိုင်းရင်းသားရိုးရာဓလေ့ဆန်သော ခါးပတ်အိတ်ကိုလည်း လူတိုင်းအတွက် လိုက်လံကြွားဝါတတ်သည်။ သတင်းထောက်သည်သူနှင့် ပထမဆုံးအကြိမ် တွေ့ဆုံသောအခါ “ကျွန်တော်ဟာ မျက်နှာအမျိုးမျိုးရှိတယ်။ ဘယ်မျက်နှာမျိုး ပြပေးမယ်လို့ သင်မျှော်လင့်ထားသလဲ”ဟု နောက်တီးနောက်ချာပြောသည်။

လွန်ခဲ့သည့်(၆)နှစ်က ယူနန်မြေသို့ ပထမဆုံးအကြိမ်ရောက်ရှိလာသည့် အချိန်မှစ၍ထျန်ဖူသည် ဤနေရာကို နှစ်ခြိုက်မိတော့သည်။ ယခုနှစ်ပိုင်းအတွင်းထျန်ဖူသည် ကိုယ်တိုင်ယာဉ်မောင်း၍ ယူနန်ရှိနေရာအများအပြားသို့ ရောက်ရှိခဲ့ဖူးသည်။ ဒေသအသီးသီးမှ ထွက်ရှိသော စားကောင်းသောက်ဖွယ် အမျိုးမျိုးကိုလည်း မြည်းစားခဲ့ဖူးသည်။ ပေါများလှသော တိုင်းရင်းသားရိုးရာ ဓလေ့များကို လည်း ထိတွေ့ခံစားခဲ့ဖူးသည်။ လက်ရှိတွင်နှစ်စဉ် ယူနန်သို့ရောက်လာ၍ အချိန်အနည်းငယ်ကြာနေထိုင်ခြင်းသည်၄င်း၏ အလေ့အကျက်တစ်မျိုးဖြစ်လာတော့သည်။



ယူနန်ပြည်နယ်အပေါ် ပိုမိုနက်ရှိုင်းစွာသိကျွမ်းလာသည်နှင့်အမျှ ထျန်ဖူသည် ယူနန်၏အလှကို မိမိကိုယ်တိုင် စူးစမ်းလေ့လာသည့်အပြင် ပိုမိုများပြားသော လူသူတို့ကို မိတ်ဆက်ပေးရန် အစဉ်သတိရနေဆဲဖြစ်သည်။ ယူနန်၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ၄င်းကလည်း တမူထူးခြားသော အကြံဉာဏ်များစွာတင်ပြခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ယူနန်ပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၄င်းအား “ယူနန်ခရီးသွားလုပ်ငန်း ဖြန့်ဖြူးရောင်းချရေးပါရဂူ” ဂုဏ်ထူးလက်မှတ် ချီးမြှင့်ပေးခဲ့သည်။ လောလောဆယ် ၄င်းသည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနည်းပညာ၊ ယဉ်ကျေးမှုအဖွဲ့မှ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော စီမံကိန်းတစ်ရပ် ပြင်ဆင်နေဆဲဖြစ်သည်။ ၄င်းအနက် သင်တန်းဖွင့်လှစ်ခြင်းလည်း ပါဝင်လျက်ရှိသည်။ ဖွင့်လှစ်မည့်သင်တန်းမှာယူနန်ပြည်နယ်ကိုသာမက အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများကိုလည်း မျက်နှာမူသွားမည်ဖြစ်သည်။ ထျန်ဖူသည် ထိုသို့သောနည်းလမ်းဖြင့် လူသားတို့၏ အမွေအနှစ်များကို အတူတကွကာကွယ်ထိန်းသိမ်းစေပြီး ယူနန်နှင့် အခြားနိုင်ငံများအကြားမှ ပူးပေါင်းဆောင်ရွက်ရေးကိုလည်းတိုးမြှင့်စေရန် မျှော်လင့်ထားကြောင်း ပြောသည်။

၄င်းနှင့် တွေ့ဆုံမေးမြန်းရာတွင် သတင်းထောက်၏ စိတ်ထဲ၌ယုံမှားသံသယဖြစ်ဖွယ်ရာ ပြဿနာတစ်ခုရှိလေသည်။ ဤသည်ကားနိုင်ငံခြားသား တစ်ဦးအနေနှင့် ပြုစုစောင့်ရှောက် ပင်စင်ယူသင့်သည့် သက်ရွယ်တွင် အဘယ်ကြောင့် ခရီးမိုင်ထောင်ပေါင်းများစွာသော အဝေးရပ်မှ ယူနန်သို့ ရောက်လာ၍ ယူနန်ခရီးသွားလုပ်ငန်းအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်နေသနည်း။ “ယူနန်သို့ရောက်လာတာနဲ့ ကျွန်တော့်ဆီးသကြားကိန်းဟာ ပြန်လည်ပုံမှန်လာလေ့ရှိတယ်။ ဥရောပသို့ပြန်သွားတာနဲ့ စိုးရိမ်ကိန်း

သို့ပြန်တက်လေ့ရှိတယ်”ဟု ထျန်ဖူကဟာသနှော၍ ပြောကြားသည်။ ယူနန်သည် ၄င်းအတွက် ခရီးသွားအပန်းဖြေရာပန်းတိုင်နေရာရုံသာမက ယူနန်အပေါ် နှစ်ခြိုက်ခြင်းကြောင့် ၄င်းသည် အစောကြီးကပင် မိမိကိုမိမိယူနန်သား တစ်ဦးအဖြစ်ထားပြီဖြစ်ကြောင်း၊ ယူနန်သည် အစောကြီးကပင် ၄င်း၏ နေအိမ်ဖြစ်လာခဲ့ပြီဖြစ်ကြောင်း ၄င်းက ဖြည့်စွက်သည့် အနေဖြင့် ပြောသည်။

သတင်းထောက် - လျူကျီယူ